# တော်လှန်ရေးတောလား

ပြည်သူကို အလုပ်အကျွေးတွေ တို့တတွေပြုကြမယ်
လယ်ထွန်ရာ ရေခပ်ရာ ဝိုင်းဝန်းလုပ်ဆောင်မယ်။
ရင်းနီးချစ်ကြတယ်။
မမောတမ်းပေ မပန်းတမ်းပေ
ခင်မင်ကြည်ဖြူတယ်။
အလုပ်တိုင်းကို မဆိုင်းဘဲ ကူညီချင်ကြတယ်
ပြည်သူတပ်မတော်ဟာ အများအကျိုးရွက်ဆောင်မယ်။
ကြိုဆိုမယ် ပျော်လို့ရယ် တို့တတွေ တက်ကြွတယ်
တာဝန်တွေ ယူကြမယ် ပြည်သူတပ်မတော်ရယ်
တသွေးတည်းပေ.... ...အလုပ်တိုင်းကို မဆိုင်းဘဲကူညီချင်ကြတယ်
ပြည်သူတော်မတော်ဟာ အများအကျိုးဆောင်ရွက်မယ်။

ကျွန်တော်ဟာ အထက်ဖော်ပြပါ ပြည်သူတပ်မတော် သီချင်းကို အားရတရသီဆိုရင်း ရှမ်းတောင်တန်း တနေရာမှာ ဆန်ထောင်းနေတာပါ။ ကျွန်တော် ရောက်နေတဲ့ နေရာကတော့ ရှမ်းပြည်တောင်းပိုင်း ရပ်စောက် မြို့နယ်၊ ကျောက်ဂူ ဒိုင်နယ် အတွင်း "လုံဝယ်" ဆိုတဲ့ ရှမ်းရွာလေးတရွာ ဖြစ်ပါတယ်။ ဗမာပြည် ကွန်မြူနစ်ပါတီ (၁၀၈) စစ်ဒေသရဲ့ပြောက်ကျား အခြေခံ ဒေသအတွင်းက ရွာ တရွာလေးပါ။ ကျွန်တော်ဟာ ရန်သူ စစ်ထောက်လှန်းရေးက လိုက်လံ ဖမ်းဆီးနေမှုကို ရှောင်တိမ်း လွတ်မြောက်ပြီး ပါတီရဲ့ပြောက်ကျား အခြေခံ ဒေသအတွင်း ရောက်ရှိနေ ပြီးမို့ စိတ်အေးလက်အေး ရှိနေပါပြီ။ ပျော်ရွှင်မြူထူး တက်ကြွလို့လည်း နေပါတယ်။ မိမိကိုယ်ကိုလည်း ပြည်သူ့ တပ်မတော်သား တယောက် ဖြစ်သွားပြီလို့လည်း ခံယူလိုက်ပါပြီ။

ဒါကြောင့် အထက်ဖော်ပြပါ သီချင်းကို အားရပါးရ သီဆိုရင်း ပြည်သူ့ တပ်မတော်သားများ လိုက်နာရတဲ့ စည်းကမ်းကြီး ၃ရပ်နဲ့ သတိပြုရန် ၈ ချက် အတိုင်း လိုက်နာကျင့်သုံးရင်း လူထုလုပ်ငန်းကို ကူညီလုပ်ကိုင် နေတာပါ။

၁၉၇၀ ခုနှစ်များ ဆန်းစကာလမှာ ကျွန်တော်ဟာ ပါတီရဲ့မြေအောက် လုပ်ငန်းအစုဝင် တယောက် ဖြစ်လာခဲ့တယ်။ အဲဒီ အစုဝင် တယောက်အဖြစ်နဲ့ ရောင်ဖြူဒေသ (စစ်အစိုးရ စိုးမိုးထားရာဒေသ) မှာ ပါတီက ထုတ်လွှင့်နေတဲ့ ပြည်သူ့အသံ ဆောင်းပါးများကို ဖမ်းယူ၊ လက်ရေးနဲ့ ကူးပြီး မြေအောက် အထက် အဖွဲ့အစည်းကို ကျွန်တော်တို့အဖွဲ့ တာဝန်ခံမှ တဆင့် အပ်နှံရတာပါ။ မိမိရဲ့အသက်မွေး ဝမ်းကျောင်းမှုအဖြစ် ကျူရှင်ဆရာ အလုပ်ကို လုပ်ရင်း မြေအောက်လုပ်ငန်းကို ဖုံးကွယ်ထားလိုက်တယ်။ ပြည်သူ့အသံကို အဲဒီလို တာဝန်အရ နေ့စဉ် ဖမ်းယူနေသူမို့ ပါတီနဲ့ တပ်မတော်ရဲ့ သီချင်း တော်တော်များများကို အလွတ် ရနေသလို ပြည်သူ့ တပ်မတော်သားတွေရဲ့လုပ်ဟန်ကို ရင်းနှီးကျွမ်းဝင်တယ်လို့ ဆိုရပါမယ်။

ပြန်စဉ်းစားလိုက်တော့ မနေ့တနေ့က အဖြစ်အပျက်များလိုပဲ စိတ်အာရုံမှာ ပြက်ပြက် ထင်ထင် ပေါ်လာ နေဆဲပါ။ နှစ်၂၀ကျော် ၃၀ နီးပါးတောင် ရှိသွားပါ ပေါ့လား။

စက်တင်ဘာရဲ့ မိုးရက်တရက်။ မိုးစက်များနဲ့အတူ ကျွန်တော်တို့ထံ သတင်းဆိုးတရပ် ရောက်လာတယ်။ သနပ်ဖက်ဆေးလိပ်မြို့တော်လို့ နာမည်ကြီးလှတဲ့ ကျွန်တော်မြို့ရဲ့မြေအောက်တာဝန်ခံ ကျွန်းပြန် ရဲဘော် LC အဖွဲ့ဝင်များဖြစ်တဲ့ ကဗျာဆရာနဲ့ ကျွန်တော်ကို အရေးပေါ်ခေါ်ယူ ဆွေးနွေးပွဲထိုင်ကာ အခြေအနေကို သုံးသပ်ညှိနှိုင်း ကြပါတယ်။ သတင်းဆိုး ဆိုတာကတော့ အထက်ဗမာပြည် မြေအောက်အဖွဲ့ဝင်များကို ရန်သူက စုံစမ်း ဖော်ထုတ်ရရှိသွားပြီး အဖွဲ့ဝင် ရဲဘော်တချို့ အဖမ်းခံလိုက်ရပြီး ဆိုတာပါပဲ။ ဒီသတင်းသာ မှန်ရင် ရန်သူဟာ ကျွန်တော်တို့ဆီကို မီးခိုးကြွက်လျှောက် ရောက်လာလိမ့်မယ်။ ကျွန်းပြန် ရဲဘော်ဟာ အလွန်ပေါ်လွင်နေတာမို့ မြို့ပေါ်စစ်မျက်နှာက အမြန်ဆုတ် ပါတီဆင်နွှဲနေတဲ့ လက်နက်ကိုင် တိုက်ပွဲအတွင်း ကူးပြောင်း

သွားရေးကို ဆုံးဖြတ်လိုက်ပါတယ်။ လောလောဆယ် ကျန်နေတဲ့ ကျွန်တော်နဲ့ ကဗျာဆရာတို့က ဒီသတင်းကို ဆက်လက် စုံစမ်း။ သတင်းအတည်ပြုချက် ရရှိတာနဲ့ တပြိုင်နက် မြောက်အောက် အဖွဲ့ဝင် အားလုံး ခေါ်ယူ၊ လက်နက်ကိုင်တိုက်ပွဲအတွင်း ကူးပြောင်းရေးကို ဆောင်ရွက်ရန်။ တဆက်တည်း မြေအောက်အားလုံး အခြေအနေကို အသိပေး လှုံ့ဆော်ထားရာတို့ကို ညွှန်ကြားပြီး လူချင်း ခွဲလိုက်ပါတယ်။

သတင်းအတည်ပြုချက်ရတာနဲ့ ကျွန်တော်နဲ့ ကဗျာဆရာဟာ မြေအောက်ရဲဘော် ဖွဲ့ဝင်တဦးအိမ်မှာ ဆုံလိုက်တယ်။ သတင်းတိကျမှုကို သုံးသပ်အတည် ပြုလိုက်ပြီး ပါတီရဲ့စိတ်ဓာတ်အတိုင်း လက်နက်ကိုင် တော်လှန်ရေးအတွင်း ကူးပြောင်းရေးကို ဆုံးဖြတ် လိုက်ပါတယ်။ ဆုံးဖြတ်ချက် အတည်ပြုပြီးတာနဲ့ ရဲဘော်များကို နှုတ်ဆက် ထွက်ခွာခဲ့တယ်။ ကျွန်တော်တာဝန်ယူရမယ့် ကျွန်တော့် အစုဝင် အမျိုးသမီး ရဲဘော်အိမ်သို့ ချက်ချင်းသွားရောက် အကြောင်းကြား အသိပေးလိုက်တယ်။ နောက်တနေ့မနက် စောင့်ရမယ့်နေရာနဲ့ အချိန်တို့ကိုပြောပြပြီးမနက် အဆင်ပြေပြေထွက်နိုင်ရေး ပြင်ဆင်ဖို့ ညှိနက် နေတာနဲ့ နှုတ်ဆက် အမြန် ထွက်လာခဲ့တော့တယ်။

(၁)

အိမ်ရောက်တော့ အစ်မဖြစ်သူ ဆရာမနဲ့ နမငယ်တို့ဟာ မျက်စိမျက်နှာ ပျက်ပျက်နဲ့ ကျွန်တော်ကို စောင့်နေတာတွေ့ရတယ်။ မန္တလေးမှာနေတဲ့ ကျွန်တော်တို့ အလွန်ရင်းနှီးသူ သူငယ်ချင်း ကျောင်းဆရာ တယောက် အဖမ်းခံသွားရပြီးဆိုတာ သူတို့ဘာသာ သိနေကြပြီးမို့ ညှို့နက်နေပေမယ့် အိမ်ပြန်မရောက် လာသေးတဲ့ ကျွန်တော့်ကို တထိတ်ထိတ်နဲ့ စောင့်နေကြရှာတာပါ။ သူတို့လည်း ကျွန်တော့်ကို ဘာမှ မမေးရက်။ ကျွန်တော်ကလည်း သူတို့ကို ဘာမှ မပြောရက်။ ခဏနေတော့ ဘီရိုထဲမှ အဝတ်တစုံ ထုတ်ပြီး လူရည်ချွန်သုံး လက်ဆွဲအိတ်ထဲထည့်ရင်း "မမ - မနက် မန္တလေးသွားမယ်နော်" လို့ အသံကို ထိန်းပြီး ပြောလိုက်တယ်။ "အေး အေးသွား " လို့ နှုတ်ဆက်ပြီး သူအခန်းဘက် ပြန်သွားရှာတယ်။ ဒီတော့မှ ကျွန်တော်လည်း အိပ်ရာဝင်ကာ နောက်တနေ့မနက် ခရီးစဉ်အတွက် စဉ်းစားရင်း မှေးခနဲ့ အိပ်ပျော်သွားပါတယ်။

နောက်တနေ့မနက် စီစဉ်ထားတဲ့အတိုင်း ကျွန်တော်အလွန် ချစ်ခင်ရင်းနှီးလှတဲ့ သူငယ်ချင်းက ကျွန်တော်တို့ နှစ်ယောက်ကို သူ့ ဂျစ်ကားလေးနဲ့ မိတ္ထီလာသို့ လိုက်ပို့ပေးပါတယ်။ စက်တင်ဘာရဲ့ နှုတ်ဆက်မိုးများက သဲသဲမဲမဲ ရွာနေပြန်တယ်။ မိုးရွာထဲမှာပဲ ကားလေးက ကျွန်တော်တို့ကို သယ်ဆောင်ပြီး ဇာတိမြေကနေ ထွက်ခွာ လာတယ်။ စိတ်ထဲကတော့ သံယောဇဉ်ကြီးလှတဲ့ အမေနဲ့ အစ်မ၊ နမများကို တိုးတိတ် ညင်သာစွာ နှုတ်ဆက်နေမိတယ်။ သံယောဇဉ်ကြီးလှတဲ့ ကျူရှင်ခန်းလေးနဲ့ တပည့်တွေ၊ မိတ်ဆွေတွေကိုလည်း တိုးတိုးလေး နှုတ်ဆက်နေမိပြန်တယ်။ နေရစ်တော့ ဇာတိမြေ လေးရေ။

မိုးက သဲကြီးမဲကြီး ရွာနေတာမို့ တောင်သာ ချောင်းရောက်တော့ ချောင်းရေကျနေတာနဲ့ တိုးတော့တယ်။ ကျွန်တော်တို့ ရှေ့မှာပဲ ကုန်အပြည့်တင်ထားတဲ့ RTB ဟီးနိုး ကားကြီး မစောင့်နိုင်တာနဲ့ ချောင်းထဲဖြတ်မောင်းလိုက်တာလမ်းလွဲပြီး ရေထဲလဲ ကျသွားတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း စိတ်ကလောနေပေမယ့် ဆက်စောင့်ရပြန်တယ်။ ခဏနေတော့ ခရီးသည်တင် ဘက်စကား တစီး ဖြတ်ပြန်တယ်။ ချောမောတယ်။ ဒါနဲ့ ကားမောင်းပို့တဲ့ သူငယ်ချင်းက "သိပ်စောင့် နေရင် မင်းတို့အတွက် မကောင်းလှဘူး။ မင်းနောက်ကနေ ကားကို ထိန်းရင်းတွန်းပေး၊ မ-- က ထိုင်လိုက်။ ငါဖြတ်မောင်းမယ်ကွာ။" ပြောပြောဆိုဆိုနဲ့ ကားကို ချောင်းထဲဖြတ်မောင်း လိုက်တယ်။ ချောချောမောမောပါပဲ။ တဘက်ကမ်း ရောက်တာနဲ့ ကျွန်တော်ကို ကားပေါ်တက်ခိုင်းပြီး တဝေါဝေါ ရွာနေတဲ့ မိုးထဲမှာပဲ တောင်သာချောင်း ဘေးကနေ ထွက်လာတယ်။

သူငယ်ချင်းဟာ ကားကို ကျွမ်းကျင်ပိုင်နိုင်စွာအရှိန်မြင့် မောင်းနေရင်း သူ့ဘေးထိုင်နေတဲ့ ကျွန်တော့်ကို နှုတ်က တဖွဖွ ပြောနေရှာတယ်။ "မိုးကလည်း သိပ်ကို သဲနေတယ်။ ငါမင်းကို တောင်ကြီးလောက်ထိ လိုက်ပို့ချင်တယ်။ တောင်ပေါ်လမ်းဆိုတော့ ငါမောင်းပုံနဲ့လည်း မကိုက်ဘူး။ နောက် အိမ်အပြန် နောက်ကျနေ ပြန်ရင်လည်း မသင့်ဘူး။

မိုးက မိတ္ထီလာ ရောက်ခါနီးလောက်မှာ စဲသွားတယ်။ သူငယ်ချင်းဟာ ကားကို တောင်ကြီး တက်မယ့် ကားဂိတ်ဘက်သို့ မောင်းသွားတယ်။ ကားဂိတ်ရောက်တာနဲ့ ကျွန်တော်တို့ ရဲဘော်နှစ်ယောက် ကားပေါ်ကဆင်းပြီး ခရီးဆက်ဖို့ သူ့ကို နှုတ်ဆက်လိုက်တယ်။ ဒီတော့မှ သူက "မင်းတို့ နှစ်ယောက်ကို ထမင်းကျွေး လိုက်ပါရစေဦး" ဆိုပြီး ဘေးနားက ထမင်းဆိုင် ခေါ်ပြီး ထ

မင်းကျွေး ပါတယ်။ သုံးယောက်လုံး ထမင်းစားပြီးတာနဲ့ ဆိုင်ကထွက်လာပြီး လမ်းခွဲ လိုက်တယ်။ သူလည်း သူ့ကားပေါ်တက် ဝူးကနဲ မောင်းထွက်သွားတယ်။ ကျွန်တော်တို့လည်း တောင်ကြီးဘက်တက်မယ့် ကားပေါ် တက်ထိုင်လိုက်တယ်။ ကားထွက်မယ့် အချိန်ကို စောင့်နေမိတယ်။ ဘာလိုလိုနဲ့ သူငယ်ချင်းနဲ့ ခွဲခွာလာလိုက်တာ အနှစ် ၃၀ လောက်တောင် ရှိသွားပြီးမို့ သူငယ်ချင်း တယောက် မိသားစုနဲ့ အတူ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာမှ ရှိပါသေးရဲလားလို့ တွေးနေမိတယ်။ သူချစ်တဲ့ သူ့ချစ်ဇနီး သား သမီးများနဲ့ အတူပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာ ရှိနေပါစေလို့လည်း ဆုတောင်းနေမိရဲ့။

ခဏကြာတော့ အချိန်ရောက်လို့ တောင်ကြီးတက်မယ့်ကား ထွက်ပါတယ်။ ခရီးသည်များများမပါပါ။ လမ်းခရီးတလျှောက်လုံး မိုးက သဲကြီးမဲကြီး ရွာကောင်းနေဆဲ။ ကျန်ရစ်သူ အကိုအစ်မ မိဘဆွေမျိုးများရဲ့ ဝမ်းနည်းကြေကွဲ ပူဆွေးသောက မျက်ရည်များလား။

ညနေမှောင်ရီဖျိုးဖျအချိန် တောင်ကြီးလည်းရောက် မိုးလည်းတိတ်။ တက္ကစီတစင်းခေါ်ပြီး မိမိတို့တည်းခိုမယ့် မိတ်ဆွေ တယောက် အိမ်နေရာကို ပြောပြ ပို့ခိုင်းတော့ အိမ်ရှင်ဟာ သူ့မိတ်ဆွေတွေဖြစ်လို့ တည်းခိုမယ့် နေရာကို ချောချောမောမော ရောက်လာပါတယ်။

နောက်တနေ့မှာ အိမ်ရှင်မိတ်ဆွေ အမျိုးသမီးရဲ့ အကူအညီနဲ့ ကျွန်တော်တို့အတူ ပါလာတဲ့ ရဲဘော်အမျိုးသမီး အစ်မကြီးရဲ့ မန်းတက္ကသိုလ် တက်စဉ်က ကျောင်းနေဘက် ရဲဘော်ဟောင်း တဦးကို လိုက်ရှာပါတယ်။ မိုးနဲ ဘက်သွားတယ်ဆိုလို့ မိုးနဲ လိုက်ပါတယ်။ မတွေ့ပါ။ အင်းထဲသွားတယ် သတင်းရလို့ အင်းထဲ လိုက်ရှာတယ်။ ရှာမရတာနဲ့ အင်းထဲ ပြန်ထွက်လာပါတယ်။ ဒါနဲ့ကျွန်တော်တို့နှစ်ယောက် ပဲခူးရိုးမထွက် အလုပ်သမား ရဲဘော်ဟောင်းကြီးထံ အခြေအနေ သွားရောက်လေ့လာဖို့ ဆုံးဖြတ်လိုက်တယ်။ သူနေတာက ရွှေညောင် တပိုက်။ လမ်းပေါ်မှာလည်း မေးစရာ လမ်းပြ ပုလိပ်ကြီးမှ တပါးတခြား မတွေ့မိ။ ဒါနဲ့ သူ့အနားကပ် မေးလိုက်တယ်။ လမ်းပြပေးရုံမက သွားရမယ့် လမ်းခွဲရောက်အောင် သစ်ထုတ်လုပ်ရေး ကားတစီးကို တားပြီး ကားပေါ်တင်ပေး လိုက်သေးတယ်။ ကျေးဇူးပါပဲ လမ်းပြ ပုလိပ်ကြီးရေ။

ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ ကျွန်တော်တို့ သွားရမယ့် လမ်းခွဲ အကြော်ဆိုင်မှာ ကျွန်တော်နဲ့အတူ ပါလာတဲ့ ရဲဘော်မ-- ကို တောခိုသွားမှာ စိုးရိမ်တာနဲ့ သူ့အကို နှစ်ယောက်က လိုက်ရှာနေတာနဲ့ ပက်ပင်းတိုးပါတော့တယ်။ မ-- ဟာ သူတို့ရဲ့ နှမ အငယ်ဆုံးလေး လည်းဖြစ်ပြန်။ သူတို့ရဲ့အမ အပျိုကြီးတယောက်နဲ့ အတူနေသူလည်းဖြစ်ပြန်။ တက္ကသိုလ် တက်နေစဉ်ကလည်း ကျွန်းမှာ ကျသွားတဲ့ တမြို့တည်းသား ရဲဘော်လေးမောင်၊ ရှစ်လေးလုံး အရေးတော်ပုံ ပြီးသွားကတည်းက ထောင်ထဲ ရောက်နေရတဲ့ မန်းတက္ကသိုလ် ကျောင်းသားသမဂ္ဂ ခေါင်းဆောင်ဟောင်း ရဲဘော်အောင်သူ၊ ကျွန်တော် မြို့ကလေးရဲ့မြေအောက်အဖွဲ့ တာဝန်ခံ ကျွန်းပြန် ရဲဘော်တို့နဲ့အတူ တိုက်ဖော်တိုက်ဖက်။ ထောင်အတူ ကျခဲ့သူ။ အဲဒီကာလ မန်းတက္ကသိုလ်နဲ့ မန်းဆရာဖြစ်သင် ကောလိပ်တို့မှာ သူ့ရဲ့တိုက်ပွဲဝင် စိတ်ဓာတ်နဲ့ ရုပ်သွင်တို့ဟာ သမိုင်းတွင် ကျန်ရစ်သူ။ လူကလည်း ဖြူဖြူနွဲ့နွဲ့ သေးသေးသွယ်သွယ်လေး။ စိတ်ဓာတ်က သံမဏိစိတ်ဓာတ်။ ဒါပေမယ့် တော်လှန်ရေး ခရီးကြမ်းကြီးအတွက် နမငယ်လေးကို စိတ်မချနိုင်ရက်ကြ။ ရှာပုံတော် ဖွင့်ရတော့တယ်။ ဒီလိုနဲ့ မ --ကို သူ့အကိုများလက်အပ်ပေးလိုက်တယ်။ မ-- ကလည်း သူ့ပါ သမျှ ငွေကြေးများကို ကျွန်တော်အတွက် ပေးလိုက်ပါတယ်။ ကျွန်တော်ကတော့ ဆုံးဖြတ်ထားတဲ့အတိုင်း ခရီးနှင် လိုက်တယ်။ ပါတီ အဆက်အသွယ် ဘာမှမရပါ။

ကျွန်တော်မိတ္ထီလာ ပြန်ဆင်းလာပါတယ်။ ဒေသကောလိပ်တက်နေတဲ့ ကျုရှင်တပည့်ဟောင်းများထံ ဝင်တည်းပြီး မကွေးကို ခရီးဆက်ပါတယ်။ ခရီးဟာ ညခရီးစဉ်ပါ။ "အောင်သူမန်း" အမြန်ယာဉ် စီးရပါတယ်။ မကွေးကို ည (၁) နာရီလောက်မှာ ကားဆိုက်ပါတယ်။ မကွေးကောလိပ်တက်နေတဲ့ ကျုရှင် တပည့် ဟောင်းများကို အဆောင်များမှာ သွားရောက်ရှာဖွေ တည်းခိုခဲ့ရတယ်။ နောက်တနေ့ မနက် မကွေးကောလိပ် စားသောက်ဆိုင်မှာ စာမေးပွဲ မပြီးသေးလို့ ကျန်နေသေးတဲ့ တပည့်ဟောင်း တချို့ ထပ်မံတွေ့ရ ပြန်တယ်။ သူတို့နဲ့ အတူ စားသောက်ရင်း သူတို့ဆရာကို မမျှော်လင့်ဘဲ တွေ့နေရလို့ "ဆရာဘယ်သွားမလို့လဲ" ဝိုင်းမေးကြတယ်။ "ခါတိုင်းနှစ်တွေလိုပဲ မြန်မာစာ Exam Special သင်တန်းအတွက် ဂုဏ်ထူးဆရာ --- ကို သွားခေါ်တာပေါ့" လို့ဖြေလိုက်တယ်။ ကျွန်တော်တို့ မြို့ကနေ မဟာရန်ကုန်ကို အဲဒီ ခရီးလမ်းအတိုင်း သိပ်သွားလေ့ မရှိပေမယ့် ဆရာသမားရဲ့စကားလည်း ဖြစ်ပြန်၊ ဒီသင်တန်းမျိုးကလည်း နှစ်စဉ်ရှိနေကျမို့ သူတို့ယုံနေကြလေရဲ့။ စားသောက်ပြီးတာနဲ့ သူတို့ နားက ထွက်လိုက်တယ်။

တောင်တွင်းဘက်သို့ ခရီးဆက်ပါတယ်။ ကျွန်တော်နဲ့ အတူ ကျူရှင်လုပ်နေတဲ့ ဆရာအေးရဲ့အစ်မဆီ ဝင်လိုက်တယ်။ တအံ့တသြ မလာစဘူး ရောက်လာတာမို့ ဝမ်းသာနေရှာတယ်။ ပါလာတဲ့ အဝတ်အစားတွေ ကြည့်ပြီး တွန့်ကျေ ညစ်ပေနေလို့ လျှော်ပေး ရှာပါတယ်။ ရောက်တဲ့နေ့ ကောင်းကောင်းမွန်မွန် ချက်ပြုတ် ကျွေးမွေးရင်း “မောင်--- တို့ကတော့က လိမ်မာပါတယ်ကွာ။ အစ်မတွေစကား နားထောင်။ ခုထက်ထိ အိမ်ထောင်မပြုသေးဘူး။ တို့ မောင် ---- တို့ကတော့ကွယ် လက်ထပ်သွားပြီးလေ” ။ အဲဒီနေ့ လက်ထပ်သွားတဲ့ ကျွန်တော်သူငယ်ချင်း ဆရာအေးကို အပြစ်တင်တာပါ။ တကယ်လို့ သူအိမ်ရောက်လာတဲ့ အဖြစ်မှန်ကို သိရင်ကော အခုလို ကျွန်တော်ကို ချီးကျူးနိုင်ပါ ဦးမလား။ ဆက်လက် နားလည်နိုင်ပါစေလို့သာ .....
နောက်တနေ့ နေ့ခင်းပိုင်းမှာ “ ရိုးမအရှေ့ ” အမြန် ဟီးနိုးယာဥ်စီးပြီး ရန်ကုန်သို့ ထွက်လာခဲ့တယ်။ ရန်ကုန်ရောက်တော့ မှောင်စ ပြုနေပြီး။ လမ်းမီးတိုင်များတောင် မီးလင်းနေပါပြီး။

တာမွန်မှာရှိနေတဲ့ ကျူရှင်မိတ်ဆွေ ဆရာတဦးဆီ ခြေဦးလှည့်လိုက်တယ်။ ရောက်တာနဲ့ မဆလ ထောက်လှမ်းရေးရဲ့ အဖမ်းအစည်းများ သတင်းကို အပြန်အလှန် ဖလှယ်ကြတယ်။ ပြီးတော့မှ ရေမိုးချိုး စားသောက်ပြီး ရန်ကုန်တက္ကသိုလ်ဝင်းထဲရှိ ဘာသာပြန် ဌာနမှာ အလုပ်လုပ်နေတဲ့ ကျွန်တော့်ဆရာဟောင်း တဦးထံ ဦးတည်ထွက်လာတယ်။ ကျွန်တော့်မြင်လိုက်တာနဲ့ ဆရာဟာ အံ့အားလည်း သင့်၊ ဝမ်းသာသွားပုံ ရတယ်။ အိမ်ထဲ အတင်းခေါ်သွားပြီး “မင်းအိမ်က မင်းအမက မင်းတူလွှတ်ပြီး သတင်းပို့ လာတယ်။ မင်းကို ထောက်လှမ်းရေးက ဖမ်းဖို့ အိမ်လာ ဝိုင်းတယ်။ ဒါကြောင့် ပြန်မလာတော့နဲ့။ လွတ်ရာသာ ပြေးတော့ တဲ့။ ဘယ်နဲ့လဲ။ ပြေးမယ်ဆိုရင် တောင်ကြီးသွား။ “အာကာ” ကျူရှင်ကိုရှာ။ တို့က လွှတ်လိုက်တယ်ပြော။ မင်း“ခင်မောင်ဖြူ” ကို မှတ်မိသေးရဲ့လား။ အဲဒါ သူ့ကျူရှင်ပဲ။ မင်းအစ်ကိုနဲ့ကော တွေ့ချင်သေးရဲ့လား” တရစပ် ပြောပြနေလေရဲ့။ ကျွန်တော်က ပါတီဆီ အရောက်သွားနိုင်ဖို့ လမ်းစ ရလိုက်တာမို့ စိတ်အေးသွားပါပြီ။ “ဒီနေ့ မိုးချုပ်နေပြီမို့ အစ်ကိုနဲ့ မတွေ့တော့ဘူး ဆရာ။ နက်ဖြန်မှ ကျွန်တော် အစ်ကိုနဲ့ တွေ့တော့မယ် ဆရာ” လို့ ကျွန်တော် ဆရာရဲ့အမေးကို အဖြေပေးလိုက်တယ်။ “အေး၊ ကောင်းပြီ။ ဒီလိုဆို နက်ဖြန်မနက် (၇) နာရီ နောက်ပိုင်းလာခဲ့။ လှည်းတန်းထိပ်မှာ ကျူရှင်ရှိတယ်။ မင်းအစ်ကို အဲဒီမှာ စာသင်လိမ့်မယ်” လို့ ဆရာက နက်ဖြန် အစ်ကိုနဲ့ တွေ့ရမယ့်အချိန်နဲ့ နေရာတို့ကို ပေးလိုက်ပါတယ်။ ဒါနဲ့ တည်းခိုအိမ်သို့ စိတ်အေးလက်အေး ပြန်လာခဲ့ပါရော။

နောက်တနေ့ မနက်မှာ ဆရာပြောပြလိုက်တဲ့အတိုင်း အကို ကို့ သွားတွေ့ပါတယ်။ ကျွန်တော်ကို မြင်တာနဲ့ ကျူရှင်ခန်းက ထွက်လာတယ်။ “အိမ်မှာ --- ရောက်နေတယ်။ မင်းအစ်မက လွှတ်လာတာ။ မင်း ပြန်မလာခဲ့နဲ့တဲ့။ ထောက်လှမ်းရေးက လိုက်ဖမ်းနေပြီ” အစ်ကိုက ရှည်ရှည်ဝေးဝေး ပြော မနေတော့ဘဲ “မင်းဆက်နေလို့ ရဦးမယ် ထင်လား ” လို့ တိုတိုပဲ မေးလာတယ်။ “မရတော့ဘူး ထင်တယ် ” ကျွန်တော်လည်း တိုတိုပဲ ဖြေလိုက်တယ်။“အေး- ကောင်းပြီ။ အမ (အမေ) ကို မင်းမရှိတဲ့နောက် ငါတာဝန်ယူ စောင့်ရှောက် လိုက်မယ်။ ဒီတော့ မင်းဆရာက ဘယ်လို ဆက်သွယ်ရမယ်ဆိုတာ ပြောလိုက်ပြီ မဟုတ်လား။ အဲဒီအတိုင်း သွားတော့ မင်းအစ မင်း တူတွေနဲ့ တွေ့ချင်သေးသလား” တဲ့ ။ အစ်ကိုရဲ့မေးလိုက်တဲ့အသံ။ “မတွေ့တော့ဘူး အစ်ကို။ ကျွန်တော် ကြာကြာပြောနေလို့ မသင့်ဘူး။ သွားတော့မယ်။”လို့ နှုတ်ဆက်ပြီး အစ်ကိုထံပါးမှ ခွာလိုက်တယ်။

တကယ့်တော့ အဲဒီကာလတွေတုန်းက ကျွန်တော်ရဲ့အစ်အမအကြီးဆုံးနဲ့ နမအငယ်ဆုံးတို့ဟာ ရန်ကုန်မှာ ရှိနေကြတာပါ။ နမအငယ်ဆုံးလေးက အိမ်ထောင်နဲ့ ဖြစ်ပေမယ့် တက္ကသိုလ်တက်နေဆဲပါ။ ကျွန်တော် သွားတွေ့လိုက်ရင် သူလည်း စိတ်ထိခိုက်မယ်။ ကျွန်တော်လည်း စိတ်သောက ပွားနေအုံးမယ်။ အမ အကြီးဆုံးကိုလည်း နှုတ်မဆက်ရက်တော့ပါ။ ဒါကြောင့် နောက်တနေ့ ရန်ကုန်က ပြန်ထွက်နိုင်ဖို့ ပြင်ဆင်ရေးအတွက် တည်းခိုရာ တာမွေရှိ ကျူရှင် မိတ်ဆွေဆရာ အိမ်သို့ ပြန်လာတယ်။

ညရောက်တော့ တော်တော်နဲ့ အိမ်မပျော်။ အမ (အမေ) ကို သတိရနေတယ်။ ကျွန်တော် အိမ်က ထွက်လာခဲ့ရတာကို အမ မသိ လိုက်ပါ။ အမက ကျွန်တော်တို့နဲ့ အတူမနေသူမို့ပါ။ ဖေဖေ ခေါင်းချသွားတဲ့ ကျွန်တော်တို့ ဇာတိရွာမှာသာ နေပါတယ်။ တခါ တခါမှ ကျွန်တော်တို့ဆီ ရောက်လာတတ်ပါတယ်။ ရောက်လာရင်ကျွေးချင်တာ အကုန်ဝယ်ချက်ကျွေး၊ တွေသမျှ မဂ္ဂဇင်း၊ ဝတ္ထု ဖတ်၊ ညဘက် ရောက်ရင် ကျွန်တော်နဲ့အတူနေ၊ မြေးတွေနဲ့ အတူ ရုပ်ရှင်သွား့။ ဒါဟာ အစ်မ ဘဝအတွက် အပန်ဖြေမှုတွေပါပဲ။ တခါတရံ သူချက်ပြုတ် လုပ်ကိုင်သွားတာတွေ ယူလာပြီး ကျွန်တော်ကို ကျွေးရင်း အတူစားကာ ရေးဟောင်း နှောင်းဖြစ်များကို ပြန်ပြောကာ သားဖြစ်သူ ကျူရှင်ဆရာကို ဖက်ရမ်းနမ်းရှုပ်၊ တခစ်ခစ်ရယ်မောရင်း ထသွားလေ့ရှိတယ်။ ဒါတွေကို မျက်စိထဲ ပြန်မြင်ကာ အိပ်ရာထဲမှာ ဘယ်လူး ညာလိမ့်၊ အမ အပါးကခွာပြီး ရှေ့ကြုံရမယ့် ကိစ္စတွေကို စဉ်းစားရင်း အတွေးတွေကို ဖြတ်၊ ဖွတ်မိုတ်အိပ်လိုက်ရတော့တယ်။

နောက်တနေ့ မနက်အစော (၄)နာရီမှာ " ဒဂုန်မန်း " အမြန် ဟီးနိုးကားကို စီးဖို့ ကားဂိတ်သို့ ကျူရှင်ဆရာက လိုက်ပို့ပေးတယ်။ မနက်စောစောမို့ မဟာရန်ကုန်ဟာ မြူနှင်းများအောက်မှာ တိတ်ဆိတ်စွာ လဲလျောင်းဆဲပါ။ ခဏကြာတော့ ကားဘီးများ စတင်ရွေ့လာပြီးမို့ မိတ်ဆွေ ကျူရှင်ဆရာကို နှုတ်ဆက်လိုက်ပါတယ်။

စစ်အာဏာရှင်စနစ်အောက်က မဟာရန်ကုန်ကိုလည်း လိုက်ပြနှုတ်ဆက် ကျောခိုင်းထွက်ခွာလာခဲ့ပါပြီ။
နေ့လယ်ခင်းလောက်မှာ မိတ္ထီလာကို ရောက်ပါတယ်။ ကျွန်တော်ကားပေါ်ဆင်းပြီး တောင်ကြီးကို ခရီးဆက်ပါတယ်။ တောင်ကြီးကို ညနေစောင်းမှာ ရောက်တယ်။ ရောက်တာနဲ့ တက္ကစီခေါ်ပြီး "အာကာ" ကျူရှင်သို့ ပို့ခိုင်းလိုက်တယ်။ နာမည်ကြီး ကျူရှင်မို့ ချောချောမောမော ရောက်ပါတယ်။ ကျူရှင်ဆရာက မိုက်ခွက်ကလေးကိုင်ရင်း အဌမတန်း အပည့်များကို အင်္ဂလိပ်စာ သင်နေ ဆဲ။ စာစစ်ဆရာမလေး တဦးက စာသင်ခန်းနောက်ပိုင်းမှာ လေ့ကျင့်ခန်း စာအုပ်များကို စာစစ်လျက်။ ကျွန်တော်က ကျူရှင်ခန်း တခါးမှနေပြီး ဆရာကို လက်ပြနှုတ်ဆက်လိုက်တယ်။ ဆရာက စာသင်နေရာကနေ ခေါင်းညိတ် အသိအမှတ်ပြုလိုက်ပါတယ်။ ဒါနဲ့ စာစစ်ဆရာမလေးရဲ့ဘေးရှိ ထိုင်ခုံလွတ်မှာ ဝင်ထိုင်လိုက်ပါတယ်။ ခဏနေတော့ ကျူရှင် ချိန်ပြည့်တာနဲ့ သင်တန်းဆင်းသွားပါတယ်။ ဆရာစာသင်စတော့ချ်ပေါ်က ဆင်းပြီး ကျွန်တော့ထံ လျှောက်လာတယ်။

ကျွန်တော်နဲ့ဆရာ မြို့တော်ရန်ကုန်မှာ အညာသား နာမည်ကျော် ကဗျာဆရာကြီး တဦးအိမ်မှာ ဆုံးဖူးပါတယ်။ ကြာခဲ့ပါပြီ။ သူ ကျွန်တော် ဘယ်သူဆိုတာ မသိတော့ပါ။ ကျွန်တော်ကတော့ သူ့ဆီသွာဖို့ အတိအကျ ညွှန်းလိုက်တာမို့ မေ့စရာ မသိစရာ မရှိတော့ပါ။. ဇဝေဇဝါ ဖြစ်နေတဲ့ သူ့အနားကပ်သွားပြီး ကျွန်တော် ဘယ်သူပါ။ ဘယ်သူက လွှတ်လာတာပါ။ ကျွန်တော်တို့ နှစ်ယောက် ဘယ်မှာဆုံဖူးတယ်လေလို့ မိတ်ဆက် ပြလိုက်တယ်။ အခြေအနေကို သူနည်းနည်း ရိပ်မိသွားပုံပါ။ အပြင်ထွက် လမ်းလျှောက်ရင်း စကားပြောကြတာပေ့ါလို့ ကျွန်တော်ကို ဖိတ်ခေါ်တာနဲ့ နှစ်ယောက်သား အပြင်ထွက်လာကြတယ်။ မိုးက ဖွဲဖွဲလေး ရွာနေဆဲ။

ထီးကလေးတလက်ကို နှစ်ယောက်အတူဆောင်းရင်း မိုးဖွဲဖွဲလေးအောက်မှာ ပါတီရဲ့အထက်ဗမာပြည် မြေအောက်လုပ်ငန်း အဖွဲ့ဝင် ရဲဘော်များကို ဖော်ထုတ်ရရှိသွားလို့ ရဲဘော်တွေ ရန်သူလက်ကျသွားတဲ့ အခြေအနေများကို တီးတိုးပြောဆို မိတ်ဆက်ပေးလိုက်တယ်။ အဲဒီတုန်းက တိုင်းနဲ့ပြည်နယ် ဘောလုံးပွဲတွေ ကျင်းပနေတဲ့ ကာလလို့ စိတ်ထဲမှာ အမှတ်ထင်ထင် ရှိနေဆဲပါ။ ကျွန်တော်တို့နှစ်ယောက် တိုင်းဘောလုံးပွဲ ကန်နေတာ ပြီးကာနီးလို့ ဘောလုံးကွင်းတံခါးတွေ ဖွင့်ထားတာနဲ့ ကွင်းထဲဝင်သွားပြီး စကား ဆက်ပြောကြပါတယ်။ (ပါတီရဲ့ လက်နက်ကိုင် တော်လှန်ရေးအတွင်း သူကိုယ်တိုင် ဆင်းလာရတယ်။ သူနဲ့ ကျွန်တော် ပါတီဗဟို ဌာနချုပ်ရုံးစိုက်ရာနဲ့ အရှေ့မြောက်စစ်ဒေသ ဌာနချုပ်ရုံးစိုက်ရာ "ပန်ဆန်း" မှာ ပြန်လည် ဆုံစည်းကြပြန်တယ်။ အဲဒီတုန်းက ကျွန်တော်ကိုလမ်းလျှောက် ခေါ်သွားတာဟာ သူ့အိမ် ချက်ချင်း ခေါ်သွားဖို့ သင့်မသင့် စဉ်စားတာတဲ့။ အိမ်မှာလက်ခံထားတော့လည်း ကျွန်တော်ကို ပါတီရဲ့မြေအောက် အဖွဲ့ဝင် ဖြစ်နိုင်၊ မဖြစ်နိုင် ဆက်စမ်းသပ်တယ်တဲ့။ သူက ကျွန်တော်ကို လျှို့ဝှက်ရေး၊ လုံခြုံရေး ထိန်းသိမ်းမှု ရှိမရှိ သိချင်တာနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ခေါ်ကြည့်တယ်။ ရုပ်ရှင်ကြည့်ဖို့ ခေါ်ကြည့်တယ်။ ကျွန်တော်က တခုမှခေါ်မရ။ ဘာမဂ္ဂဇင်း ဖတ်မလဲ မေးတော့၊ မိုးဝေမဂ္ဂဇင်း ဖတ်မယ်လို့ ဖြေလိုက်မှ ဒါတို့ လိုင်းတွေကလို့ ဆိုပြီး ဘဝင်ကျသွားတယ်တဲ့။ အဲဒီနောက်မှ ရန်ကုန်ကို ထပ်စုံစမ်းသေးတယ်လို့ ပြောပြပါတယ်။) တကယ်လည်း ကျွန်တော်တို့ မြေအောက် ကာလပ်စည်းတွေမှာ လုံခြုံရေးနဲ့ပတ်သက်လို့ တင်းကျပ်တဲ့ တောင်းဆိုမှုတွေ ရှိပါတယ်။

အဲဒီမှာ ၃-၄ ရက်လောက်ကြာတော့ ခရီးထွက်ရမယ်။ ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားပါလို့ အသိပေးပါတယ်။ ကျွန်တော်တို့ အဖို့ ဘာမှအထူးပြင်ဆင်စရာ မလိုပါ။ အောက်တိုဘာလထဲ ရောက်နေပြီ။ ဆောင်းဝင်တော့မယ်။ ရှမ်းပြည်တောင်ပိုင်း ဒေသတွေမှာ ဖြစ်လို့ အချမ်းဒဏ် ခံနိုင်အောင် အနွေးထည် အထည်ဝယ်သင့်တယ်လို့ စဉ်းစားမိတယ်။ ကျူရှင်ဆရာကလည်း လိုအပ်တာရှိရင် ဝယ်ရအောင် အဖော်တယောက်နဲ့ တောင်ကြီးဈေးတန်းတွေ ခဏတဖြုတ် သွားကြည့်ဖို့ လွှတ်ပါတယ်။ (အဲဒီ အဖော် ဆိုသူဟာ နောက်ရက်မှာ ပါတီရဲ့ အခြေခံဒေသသို့ ကျွန်တော့်အား ခေါ်ဆောင်သွားရသူ စစ်သားရဲဘော်လေး ဖြစ်နေတော့တယ်။) တောင်ကြီးဈေးထဲက အကြမ်းအတမ်းခံတဲ့ ဂျင်းဂျာကင် အင်္ကျီတထည်နဲ့ လွယ်အိတ်တလုံး၊ ဓာတ်မီး အငယ်လေး တလက် ဝယ်ခဲ့တယ်။

( ၂ )

နောက်ရက် နေ့လယ်ဘက်မှာ မိခင်ပါတီ ဆီသို့သွားမယ့် ခရီးစဉ်ကို စလိုက်တယ်။ ဆက်သားရဲဘော်လေးနဲ့ ကျွန်တော်။ နှစ်ဦး တည်းသာပါ။ တောင်ကြီးကနေ ရပ်စောက်ကို ဦးတည် သွားခဲ့တယ်။ ဇာတိမြေက ထွက်လာကတည်းက မိုးနဲ့ နပန်းလုံး ထွက်လာလိုက်တာ ယခုထိ မဆုံးသေး။ ဒီနေ့လည်း မိုးက အငြိုးနဲ့များ ရွာချ နေရော့သလား။ သဲလိုက်တဲ့မိုး။ ရပ်စောက်ရောက်ကာ နီးလေ သဲလေ။ ကျွန်တော်တို့ စီးလာတဲ့ ကားလေးဟာ မိုးရေထဲမှာ တဝီဝီ အော်မြည်ရင်း ခက်ခက်ခဲခဲ ရုန်းကန်ကာ ရပ်စောက်မြို့လေးကို ရောက်လာတယ်။ ကားပေါ်က ဆင်းလိုက်တာနဲ့ ဆက်သားရဲဘော်လေးဟာ မိမိသွားရမယ့်နေရာကို တန်းတန်းမတ်မတ် ရှေ့ဆောင်သွားတယ်။ ကျွန်တော်လည်း သူ့ခေါ်ရာ နောက်သို့ လိုက်လာတယ်။ ခဏနေတော့ နှစ်ထပ် ပျဉ်ထောင်ကြီး တလုံး ရှိတဲ့ ဝင်းခြံကြီးထဲ ဝင်လိုက်တယ်။ အသက် ၄-၅ ဆယ် အရွယ်ရှိ အိမ်ရှင်က လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ပြီး ကျွန်တော်အား အခန်းကလေး တခုမှာ နေရာချပေးပါတယ်။ တရက်လောက်နားပါ။ နောက်နေ့ခရီးဆက်ကြတာပေါ့ လို့ လောကဝတ် သဘောလောက် ပြောပါတယ်။ ကျွန်တော်လည်း သူတို့ စဉ်စီပေးထားတဲ့ အခန်းမှာ ချန်နေရစ်ပါတယ်။

ဆက်သားရဲဘော်လေးနဲ့ အိမ်ရှင်တို့ အခြေအနေကို ဆွေးနွေးညှိနှိုင်းရင်း နားလည်သဘောပေါက်ဟာ တူပါရဲ့။ ရှေ့ဆက်မယ့် အစီအစဉ်ကို ဆက်သားရဲဘော်လေးက ကျွန်တော်အားပြောပြပါတယ်။ ဒီလိုပါ။ ကျွန်တော်တို့ ဝင်လိုက်တဲ့ ဝင်းနဲ့ ခြံနဲ့ အိမ်ကြီးဟာ ပါတီရဲ့မြေအောက်စခန်း တခုပါ။ ဒါကြောင့် ကျွန်တော့်ကို ပါတီဆီအရောက် အမြန်ပို့ဖို့ စီစဉ်တာပါတဲ့။ ရပ်စောင့်နဲ့ ကျောက်ဂူ ဈေးကားထွက်ဖို့ ကျန်မကျန် သူ့သားအား စုံစမ်းခိုင်းလိုက်တယ်။ ဈေးကား ရှိသေးလို့ ဈေးကားနဲ့ ကျွန်တော်တို့ လိုက်ဖို့ ပြင်ပါတယ်။ အဲဒီ ဈေးကားမောင်းသူဟာ ပါတီရဲ့ မြေအောက် ကေဒါပါတဲ့။ လမ်းခရီး လုံခြုံရေးကို သူက သူက တာဝန်ယူမယ့်တဲ့။

ကျောက်ဂူဈေးကားနဲ့ ကျွန်တော်တို့နှစ်ဦး မိုးထဲရေထဲ ခရီးဆက်ကြ ပြန်တယ်။ အောက်တိုဘာလဆိုတော့ မိုးက မကုန်သေး။ တောင်ပေါ်ဒေသလည်းဖြစ်။ မိုးလည်းမကုန် မိုးက မကုန်သေး။ တောင်ပေါ်ဒေသလည်းဖြစ်။ မိုးလည်းမကုန်သေးတာကြောင့် ကုန်တင်လော်လီကားကြီးဟာ ဘီးတွေကို သံချိန်းကြိုးတွေ ရစ်ပတ်ထားတယ်။ ဒါတင် မလုံ လောက်သေးလို့ထင်ပါရဲ့။ သံချိန်းကြိုး အပိုများ ဆောင်ထားတာလည်း တွေ့ပါရဲ့။ ကားပေါ်မှာ ဒေသခံ တိုင်းရင်းသား လူမျိုးစု ဈေးသည် ပါးအို့ နီနီ မလေးများသာ။ ယောကျ်ားသားဆိုလို့ ကျွန်တော်တို့ နှစ်ယောက်နဲ့ နောက်ထပ် နှစ်ယောက်လား။ သုံးယောက်လား သဲသဲကွဲကွဲ မမှတ်မိတော့။ သေချာတာတခုတော့ရှိတယ်။ အဲဒီ ယောကျ်ားသားတွေအနက် တယောက်ဟာ စစ်ဦးထုပ်ဆောင်းထားပြီး ကားပေါ်မှာ ထူးထူးခြားခြားပါလာတဲ့ ကျွန်တော်တို့ နှစ်ယောက်ကို အကဲခတ်နေခြင်းပါပဲ။ ဒီကားပေါ်မှာ စစ်ဦးထုပ်ဆောင်းထားတဲ့သူ့ကို ကျွန်တော်တို့ နှစ်ယောက်ကရော ကားမောင်းသမားလေးကပါ ဘာလဲလို့ စိတ်ဝင်စားနေတာပါ။ သူ့လှုပ်ရှားမှုကို မျက်ခြည်မပြတ် အကဲခတ်လျက်ပါ။

ကံကောင်းတယ်လို့ ဆိုရမလား မပြောတတ်။ အဲဒီနေ့ ညနေဘက် မိုးက သဲသဲမဲမဲ မရွာ။ ဖွဲဖွဲလေးသာ။ ကားကြီးကတော့ တောင်ပေါ်လမ်း ရွှံ့ညွန့်တောမှာ ဘယ်တိမ်းညာလူး တဝီဝီအော်ရင်းလူးလွန့်လှုပ်ရှား တရွေ့ရွေ့သွားနေတယ်။ တခါတရံ ခရီးသည်များက ဆင်းပြီး တွန်းပေးလိုက်။ ခရီးသည်များက ဆင်းပြီး လမ်းလျှောက်လိုက်။ ကားကြီးဟာ ခရီးကြမ်းကို တလှုပ်လှုပ် ကျော်လွှားရင်း အင်တောဆိုတဲ့ နေရာလေးကို ရောက်လာတယ်။ လမ်းဘေးမှာ ကုန်စုံဆိုင်လေးများ တွေ့ရတယ်။ စစ်ဦးထုပ်နဲ့ လူကတော့ ကျွန်တော်တို့ကို အကဲခတ်လို့ မဆုံးသေး။

ခရီးတထောက် ဆက်ပြန်တယ်။ ခဏသွားလိုက်တော့ ကားကြီးက ရွှံ့ဗွက်ထဲမှာ မရုန်းနိုင်လို့ တဝီဝီ အော်ပါရော။ အချိန်ကလည်း မှောင်စပြုနေပြီ။ လူလုံး မကွဲတော့။ ကားသမားလေးကလည်း စစ်ဦးထုပ်နဲ့ လူအပေါ် သံသယစိတ်က တိုးလို့တိုးလို့သာ ပွားလာနေလျက်။ ကားဟာ ပွက်ထဲမှာ တွန်းလိုက်ရပ်လိုက် ပက်ကျိသွား သွားနေရတယ်။ တနေရာရောက်တော့ ကားသမားလေးဟာ ကားအခြေအနေ ကြည့်သလိုလိုနဲ့ ကျွန်တော်တို့ နားကပ်ပြီး ဆက်မလိုက်နဲ့၊ တောထဲမှာ ညအိပ်ကြတော့လို့ တီးတိုးပြောသွားရှာတယ်။ ကျွန်တော်တို့ နှစ်ယောက်လည်း ကားတွန်းပေးရင်း မှောင်သထက် မှောင်အောင်စောင့်ကာ မေးပြီး လိုက်နေတယ်။ အမှောင်ထု လုံးလုံးဖုံးသွားမှ မှောင်ရိပ်ခိုကာ တောထဲ ဝင်နေလိုက်တယ်။ ပါလာတဲ့ လက်နိပ် ဓာတ်မီးလေး အကူအညီနဲ့ လမ်းနဲ့ ဝေးသထက် ဝေးတဲ့နေရာအထိ တိုးဝင်သွားပြီး သက်ငယ်တောထဲမှာ ညအိပ်လိုက်တယ်။ ဘယ်လိုအိပ်ပျော်သွား

တယ် မသိလိုက်။ မနက်မိုးလင်းတော့မှ ကားလမ်းနဲ့ဝေးရာ တောနက်ထဲ မဟုတ်ဘဲ၊ ကားလမ်းဘေးတင် အိပ်နေတာကို သတိထားလိုက်မိပါရဲ့။
ကျွန်တော်တို့ နှစ်ယောက် ညက ဝတ်အိပ်ထားတဲ့ အဝတ်တွေကို လဲလိုက်တယ်။ အိပ်ထဲက အဝတ်များကို ထုတ်ဝတ်ကြတယ်။ ဆက်သားရဲဘော်လေးက ရှမ်းဘောင်းဘီနဲ့ ရှမ်းတိုက်ပုံ ပင်နီရောင် ဝတ်စုံနဲ့။ လွယ်အိတ်ကိုယ်စီ လွယ်ပြီး ရှေ့ခရီးကို ခြေလျင်သုတ်လာကြတယ်။ သိပ်မကြာလိုက်ပါ။ ရန်သူ တပ်စခန်းတခုကိုကျော်ဖို့ နှစ်ယောက်ညှိနှိုင်း တိုင်ပင်ကြရတယ်။ ဆက်သားလေးက အတွေ့အကြုံလည်း ရှိထားလို့ သူ့ဘာသာသူ ရင်ဆိုင်ဖို့ ပြင်ဆင်ထားပြီး ကျောက်ဂူဈေး အရောင်းအဝယ် အခြေအနေ လာရောက် လေ့လာတယ်လို့ ဖြေဖို့ ပြင်ဆင်ထားတယ်။

ရန်သူစခန်းရှေ့ ဖြတ်လိုက်ပါပြီ။ ရန်သူ့စခန်းဟာ တောင်ထိပ်မှာ တင်ထားတာပါ။ နေသိပ်မမြင့်သေးတော့ တောင်အောက် ဆင်း မလာသေးပါ။ တောင်ပေါ်ကသာ လှမ်းစစ်တာမို့ ကျောက်ဂူဈေးသွားမယ်လို့ အဖြေပေးလိုက်တာနဲ့ ချောမောသွားပါတယ်။ ဒီလိုနဲ့ ရှိနေတဲ့ အတားအဆီးကို ကျော်ပြီး ခရီးဆက်ခဲ့တယ်။ နေမြင့်လာတော့ ညကလည်း တောထဲအိပ်ရ၊ ညစာလည်း မစားရမို့ ဆက်သားလေးဟာ ခရီးဆက် လျှောက်ရင်း အတော်အခက် ကြုံနေရှာတယ်။ ဒီကြားထဲ သူ့မှာ အစာအိမ်ရောဂါ ရှိနေသေးသတဲ့။ ကျွန်တော်က အသက်အရ သူ့ထက်ကြီးသူ။ ကျန်းမာရေးကောင်းသူ။ ရှေ့ခရီးအခြေအနေ မေးကြည့်တော့လည်း မဝေးတော့ဘူး ဆိုလို့ သူ့ကို အားပေးရင်းနဲ့ ခရီးဆက်လာလိုက်တယ်။ ရွာလေးတရွာ ရောက်ပါပြီ။ လမ်းဘေးအိမ် တအိမ်တက်ပြီ သူ့ရဲ့ အစာအိမ် ပြဿနာကို ဖြေရှင်းပါတယ်။ ရွာလေးကတော့ စပယ်ကုန်းရွာပါတဲ့။ မေးကြည့်တော့ ရွာအစွန်မှာ တပ်စိတ်တစိတ် စခန်းချထားတယ်တဲ့။ ဆက်သားလေး စားပြီးတာနဲ့ ခပ်တည်တည် သုတ်ခြေတင် ကြရတော့တယ်။

လမ်းမပေါ်ကနေ ကျွန်တော်တို့ သွားရမယ့် ရွာကို ဦးတည်ပြီး တောင်ယာတောတွေထဲ ဖြတ်ဆင်းလိုက်တယ်။ အမြန်ရောက်ချင်လို့ အဲလိုဖြတ်ဆင်းလိုက်မှ ဘယ်ဆက်သွားရမှန်းမသိ။ လမ်းစပျောက်ပြီး တောင်ယာ တွေထဲမှာ မျက်စိလည်တော့ တာပါပဲ။ တကယ်က စပယ်ကုန်းနဲ့ ကျွန်တော်တို့သွားရမယ့်ရွာဟာ ခြေလျင်ခရီး နာရီဝက်ကျော်ကျော်သာ ဝေးတာပါ။ နောက်ဆုံးတော့ လယ်ကွက်တွေ တွေ့လို့ တောင်ယာထဲ ဆင်းလိုက်တာနဲ့ လမ်းစရပြီး ရွာကိုချောချော မောမော ရောက်လာတယ်။ လုံဝယ် ရွာတဲ့။

(၃)

"လုံဝယ်" ဟာ ရှမ်းခနေ လူမျိုးများ နေထိုင်ရာ ရွာလေးတရွာပါ။ အိမ်ခြေများများစားစား မရှိလှ။ ဆယ်အချိုးလောက်သာပါ။ လယ်ရော တောင်ယာပါ နှစ်မျိုးလုံး လုပ်ကိုင်စားကြတယ်လို့ ဆိုတယ်။ ရွာဘေးမှာ အိမ်တွေရှိပါတယ်။ အိမ်တွေဟာ ခြေတံရှည် အိမ်တွေပါ။

ဆက်သားရဲဘော်လေးဟာ ရွာအစွန်းအဖျားက အိမ်ပေါ် ရှေ့ဆောင်တက်သွားတယ်။ ကျွန်တော်လည်း နောက်က လိုက်တက်သွားတယ်။ သူက လွယ်အိတ်ကို ပခုံးထက်မှ ချလိုက်ပြီး နားလို့ရပြီ။ ဒါကျွန်တော်တို့ အခြေခံ ရည်မှန်းချက်ရောက်ပြီ။ ပါတီက လူလွှတ်ခေါ်တာကို ကျွန်တော်တို့ ဒီက စောင့်ကြရအောင်။ ဒါပါတီရဲ့( ၁၀၈) စစ်ဒေသ။ ပြောပြတော့မှ ပခုံးပေါ်က လွယ်အိတ်ကို ဖြုတ်ချဖို့ သတိရတော့တယ်။

ကျွန်တော်ကို ပြောပြီး အိမ်ခန်းထဲသို့ ဆက်သားရဲဘော်လေး ဝင်သွားတယ်။ သူနဲ့အတူ အရပ်မနိမ့်မမြင့် လူတယောက်ပါ ထွက်လာတယ်။ ဦးစံလူ ပါတဲ့။ အိမ်ရှင်ပါ။ ခနေ အမျိုးသားတဲ့။ အသက်ကတော့ ခန့်မှန်းရ ခက်ပါတယ်။ ဘဝ ခက်ထရော် ကြမ်းတမ်းလှတော့ ရှိနေတဲ့ အသက်ထက် ရုပ်က ရင့်ရော် နေတတ်လို့ပါ။ ကြည့်ရတာ ဆင်းရဲလယ်သမားတယောက် ဖြစ်ဟန်တူပါတယ်။ ရွာအတွက် ပါတီရဲ့အမာခံ ဖြစ်လိမ့်မယ်လို့ ကိုယ်ကြား သိထားဘူးတဲ့ ပါတီရဲ့ပေါ်လစီနဲ့ ချိန်ထိုးကြည့်နေမိတယ်။

ခဏနေတော့ အိမ်ရှင်က ကျွန်တော်တို့ကို ထမင်းကျွေးပါတယ်။ ရှမ်းဆန်မို့ ထမင်းက မွှေးနေတယ်။ ဟင်းကတော့ ရွှေဖရုံရွက် လတ်လတ်ဆတ်ဆတ် ဟင်းရည်နဲ့ မျှစ်ခြောက်ပလိန်းကြော်ချက်ပါ။ ကျွန်တော်လည်းဆာဆာနဲ့ အတင်းလွေးလိုက်ပါတယ်။ ဒါကျွန်တော့်အဖို့ တော်လှန်ရေးဒေသအတွင်းက ပထမဆုံး ထမင်းတနပ်။ အနှစ် ၃၀ လောက်ရှိကာနီး နေပေမယ့် ယခုထိ အမှတ်ထင်ထင် ရှိနေဆဲပါ။

အိမ်ရှင်ဟာ ကျွန်တော်တို့နှင့်အတူ ထမင်းစားပါတယ်။ ထမင်းစားပြီးနောက် ဆက်သားရဲဘော်ပေးလိုက်တဲ့ စာခေါက်ကလေးကို ယူ။ ဓားမချပ် ခါးစည်း၊ ရှမ်းဓားမတို လေးထိုးကာ ထွက်သွားတော့တယ်။ အိမ်ပေါ်က ဆင်းသွားတာ ကြည့်လိုက်တော့ ဖိနပ် ပါမသွားဘူး။ ကျွန်တော် အညာ ကျေးလက်က တောသားပါ။ ကျွန်တော်တို့ ရွာသားအများစုဟာလည်း ဖိနပ်စီးစရာ မရှိကြပါဘူး။ တချို့များ သေသာသွားတယ်။ ဖိနပ်ဆိုတာကို ယောင်လို့တောင် လှို မကြည့်ဘူးသူတွေ ဒုနဲ့ဒေး။ တောင်ပေါ်မြေပြန့် ဆင်းရဲသားချင်း အတူတူပါပဲလားလို့ တွေးနေမိတယ်။

ကျွန်တော်တို့ နှစ်ယောက် အတွင်းဘက်က လာရောက်ခေါ်ဆောင်မယ့် ဆက်သားတွေကို ရွာကလေးကနေ စောင့်နေကြတယ်။ အတူလာတဲ့ ဆက်သားရဲဘော်လေးက ခရီးစဉ်နဲ့ ပတ်သက်တဲ့ အစီရင်ခံစာ ရေးလို့။ ကျွန်တော်ကတော့ အထက်ဖော်ပြပါ ပြည်သူ့တပ်မတော်သီချင်းကို အားပါးတရဆိုရင်း ရေခပ်၊ စပါးထောင်းစတဲ့ လူထုလုပ်ငန်းတွေကို ကူညီလုပ်ကိုင် ပေးနေမိတယ်။

ကျွန်တော်ဟာ ရန်သူထောက်လှမ်းရေးက လိုက်လံဖမ်းဆီးမှုကို လက်ဦးမှုယူ ရှောင်တိမ်းနိုင်လို့ ပါတီရဲ့ပြောက်ကျား အခြေခံ ဒေသသို့ ယခုရောက်ရှိနေပါပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း တကယ့်ကို ပြည့်သူ့ တပ်မတော်သား တယောက်လို့ အထင်ရောက်လျက်။ ပြောက်ကျားဒေသရဲ့သဘော သဘာဝတွေကို မေ့လျော့နေတယ်။ နေ့စဉ်နေ့အမျှ တော်လှန်ရေး တေးတွေကို တကျော်ကျော် အော်နေတော့တယ်။

စိတ်က ပြည့်သူ့တပ်မတော်သားအဖြစ် အထင်ရောက်ပေမယ့် လက်တွေကတော့ မြို့ပေါ်ကလာတဲ့ ကျူရှင်ဆရာ တယောက် ပီပီ မျက်မှန်တပ်၊ ဗမာအဝတ်အစားကို ဝတ်ရင်းနဲ့ တော်လှန်ရေးတေးကို အော်ဟစ် နေတာပါ။
ဒီလိုနဲ့ တစ်ရက်။ နှစ်ရက်။ သုံးရက်။ ရန်သူ့ အထောက်တော်က ရွာကိုရောက်လာတယ်။ လူထု လုပ်ငန်းတွေကို လုပ်ရင်း သီချင်း တကျော်ကျော် အော်နေတဲ့ ကျွန်တော့်ကို ထူးထူးခြားခြား တွေ့လိုက်ရပါပြီ။ ဒါနဲ့ ဘေးအိမ်ကို ဝင်စုံစမ်းပါတော့တယ်။ အိမ်ရှင်ကလည်း ကျွဲဝယ်လာသူလို့ အထောက်တော်အား ဖြေလိုက်ပါသတဲ့။ ဒါကို သူ့အနေနဲ့ တာဝန်သိစွာ ကျွန်တော်တို့ထံ သတင်းပို့ ပါတယ်။ အတွေ့အကြုံ ဘာမှ မရှိသူတွေ ပီပီ ကျွန်တော်တို့ ဒီသတင်းကို ဂရုမမူ မိလိုက်ကြ။ အိမ်ရှင်ကလည်း သတိမထားမိ။

ညနေဘက်မှာ ခေါင်းထက်မှာ ကြယ်နီများကို ဆင်မြန်း၊ ပခုံးထက်မှာ ကာဘိုင် သေနတ်များကို လွယ်ထားတဲ့ စစ်သားနှစ်ဦး အိမ်ပေါ် ရောက်လာတယ်။ ဆက်သားရဲဘော်လေးက ထပြီး နှုတ်ဆက်လိုက်တယ်။ ပြီးနောက် ကျွန်တော်ကို တော်လှန်ရေး အမည် အဖြစ် သူပေးထားတဲ့ "ရဲဘော်အောင်လွင်" ဆိုတဲ့ အမည်နဲ့ ရဲဘော်များကို နှုတ်ဆက်ပေးပါတယ်။ ရဲဘော်များက လှိုက်လှဲပျူငှာ လက်ဆွဲနှုတ်ဆက်ပါတယ်။ (ပထမတော့ လက်ဆွဲနှုတ်ဆက်ရတာ တမျိုးခံစားရပါတယ်။ နောင်တော့ ဒါဟာ တော်လှန်ရေး ယာဉ်ကျေးမှုတရပ် ဖြစ်တယ်ဆိုတာ သိလာရတယ်။ ရဲဘော် ကျား -- မ မခွဲ၊ တွေ့ဆုံကြ- ခွဲခွာသွားကြတဲ့အခါ အဲဒီလိုပဲ လက်ဆွဲနှုတ် လေ့ရှိပါတယ်) ရဲဘော်များကို ကြည့်လိုက်တော့ ပျောက်ကျားစစ်သားများပီပီ ခေါင်းထက်မှာ ကြယ်နီ ဦးထုပ်များ ဆင်မြန်းထားပေမယ့် တကိုယ်လုံး အရပ်ဝတ်များ ဝတ်ထားကြတာပါ။ ခြေထောက်တွေမှာလည်း ဒေသခံ အရပ်သားများ စီးလေ့ရှိတဲ့ ကားတာယာများကို လုပ်ထားတဲ့ အသိုင်းပါတဲ့ ဖိနပ်များကို စီးထားကြတယ်။ ရိုးရိုး သိုင်းထားရုံမက ဖနောင့်မှာလည်း အပိတ်နဲ့သိုင်းထားတယ်။ ဒေသအခေါ် "ဆောင်းခိုက်" တဲ့။ ဘာကြောင့်အခုလို ခေါ်ကြတယ် ဆိုတာ ကျွန်တော် မလေ့လာမိပါ။

နောက်တနေ့ မနက်စာ စားပြီး အိမ်သူအိမ်သားများကို နှုတ်ဆက်ပြီး ကျွန်တော်တို့ လေးယောက် "လုံဝယ်" ကနေ ထွက်လာခဲ့ကြတယ်။ နောက်တရွာ ရောက်တော့ ကျောက်ဂူ ဒိုင်နယ် စည်းရုံးရေးတပ်ဖွဲ့နဲ့ တွေ့ပါတယ်။ ကျွန်တော်တို့နဲ့ အတူလာကြသူများက ကျွန်တော့်ကို ဒိုင်နယ် စည်းရုံးရေးတပ်ဖွဲ့နဲ့ တပျော်တပါး ဝိုင်းမိတ်ဆက်ပေးကြလို့ ဆူညံသွားပါတယ်။ ခရီးထွက်လာကြတဲ့ ဒိုင်နယ် စည်းရုံးရေးအဖွဲ့ဟာ ရဲဘော်သစ် ကျွန်တော်ရောက်လာတာ ကြိုဆိုတဲ့အနေနဲ့ ခရီးဆက်မထွက်ပဲ ကြက်သားဝယ်ချက်၊ ညနေစာကို ပျော်ပျော် ပါးပါး လက်ဆုံစားကြတာကို ကျွန်တော် သတိရနေဆဲပါ။ ထမင်းစားပြီးမှ သူတို့က "လုံဝယ်" သို့ ခရီးထွက်။ ကျွန်တော်တို့ကလည်း အတွင်းဘက်သို့ ခရီးဆက်။

ဒီလိုနဲ့ ပျောက်ကျားတပ်စခန်းလေး တချို့ကို ထောက်နား နားပြီး ခရီးဆက်လာလိုက်တာ နောက်ဆုံး (၁၀၈) စစ်ဒေသရဲ့ဌာနချုပ် ရုံးကို ဆိုက်ရောက်လာပါတယ်။ စစ်ဒေသ ဒု နိုင်ငံရေးမှူးနဲ့ ရုံးအဖွဲ့ဝင် ရဲဘော်များကို သိုင်းသိုင်းဝန်းဝန်း တက်တက်ကြွကြွ အလုပ်လုပ်နေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ တာဝန်ယူ ခေါ်ဆောင်သူတွေက ရဲဘော်အားလုံးနဲ့ မိတ်ဆက်ပေးကြတယ်။ နောက်ထပ် တပ်မဟာ (၆၈၃) ရဲ့ နိုင်ငံရေးမှူးရဲဘော်နဲ့လည်း မိတ်ဆက်ပေးကြတယ်။ ရုံးအဖွဲ့ရဲ့ လုံခြုံရေးတပ်အဖြစ် ၄င်းပတ်ဝန်းကျင်မှာ တပ်သားများ သစ်ခက်တဲထိုး စခန်းချနေတဲ့ တဲလေးတွေ တော်တော်များများကို တအံ့တသြ တွေ့လိုက်ရတယ်။ လုံခြုံရေးတပ်အင်အားမှာ တပ်ခွဲတခွဲဖြစ်ပါတယ်။ တပ်သားအားလုံးဟာ သစ်ရွက်စိမ်းရောင် ယူနီဖောင်းကို အပြည့်အစုံ ဝတ်ဆင်ထားကြတယ်။ ဦးခေါင်းထက်မှာ ကြယ်နီ ဦးထုပ်များ ဆောင်းထားတာကို တွေ့ရတယ်။ အများတကာ့အများစုဟာ အသားညိုညို မျက်လုံးမျက်ဖန် ကောင်းကောင်း နဲ့မို့ အညာသားတွေများလား အောက်မေ့ရတယ်။ မေးမြန်းကြည့်လိုက်တော့မှ ဝအမျိုးသားများဖြစ်တယ်လို့ နားလည်လိုက်ရတယ်။ တချို့က ရှမ်းစကားပြောတတ်ကြသလို၊ တရုတ်စကားလည်း ပြောတတ်ကြတယ်။ သူတို့အချင်းချင်း ဝ စကားနဲ့ ပြောကြပြီး ဒေသလူထုနဲ့ ဆက်ဆံရေးမှာ ရှမ်းစကားကို အသုံးပြုကြတာပါ။ ဒီစခန်းအတွင်း ရဲဗဘော်များကို ဗမာစာ သင်ပေးတဲ့သင်တန်း တနေ့နှစ်ချိန် ရှိနေတာကိုလည်း တွေ့ရတယ်။ သူတို့တတွေရဲ့ လက်ထဲမှာ ဗဟိုဘာသာပြန်နဲ့ ပုံနှိပ်ဌာနက ထုတ်ဝေတဲ့ "ဗမာဖတ်စာ" ဆိုတဲ့ စာအုပ်လေးကိုလည်း တမြတ်တနိုးဖတ်နေတာကို တွေ့မိပါတယ်။ တပ်တွင်းဘဝအနေနဲ့ တပ်စိတ်လိုက် ဆွေးနွေးပွဲတွေ လုပ်နေတာကို တွေ့နေရတယ်။ ဆွေးနွေးပွဲ မစမီ တပ်စိတ်လိုက် သီချင်းဆိုသံတွေ အမြဲကြားရတယ်။ ဝ ရဲဘော်တွေက သီချင်းဆိုတော့ တရုတ်လိုသီဆိုကြတာပါ။ ဟောဒီ သီချင်းလေးကိုတော့ သူတို့ တရုတ်လိုရော၊ ဗမာလိုပါ ဆိုလေ့ရှိကြတယ်။ ကျွန်တော်လည်း အဲဒီမှာနေရင်း ရလိုက်တာပါ။ သီချင်းလေးက ဒီလိုပါ။

သန္နိဌာန်ချ
အသက်စွန့်ရန်မကြောက်
အခက်အခဲဖယ်ရှား
အောင်ပွဲအရယူ။

ဒီသီချင်းကို ရဲဘော်တွေဟာ ပထမ သံပြိုင် ခပ်မှန်မှန်ဆိုကြတယ်။ ဒုတိယအချီ ကျော့လိုက်တဲ့အခါ အသံခပ်ပြင်းပြင်း စည်းသုတ်နဲ့ ဆိုကြတာပါ။ အလွန်နားထောင်ကောင်းပါတယ်။ တချို့တပ်စိတ်တွေကတော့ "ပြည်သူ့တပ်မတော် စည်းကမ်းကြီး(၃) ရပ်၊ သတိပြုရန် (၈) ချက်" ကို သီဆိုကြတယ်။ တရုတ်လို ကိုယ်ကမတတ်ပေမယ့် မြေအောက်မှာကတည်းက ဒီသီချင်းတွေ ရပြီးသားမို့ သံစဉ်ကြားတာနဲ့ ဘာသီချင်းလည်းဆိုတာ သိလိုက်ပါပြီ။

ကျွန်တော်ဟာ ဗဟိုစည်းရုံးရေး၊ မြေအောက်က ရဲဘော်ဖြစ်လို့ ဗဟိုသို့ ပို့ရန် ဗဟိုက အကြောင်းကြားလာပြီ ဖြစ်လို့ လောလောဆယ် (၁၀၈) စစ်ဒေသရုံးမှာ လက်ခံထားပါတယ်။ ပြောက်ကျားရဲဘော်များအတိုင်း ရန်သူ စစ်ဝတ်စုံတစုံ တပ်ဆင်ပေးထားပါတယ်။ ဒါ့အပြင် ညခြုံအိပ်ဖို့ မီးခိုးရောင် ဘာဘူစောင်တထည်နဲ့ မြေကြီးပေါ် ခင်းအိပ်ဖို့ ပလပ်စတစ် အစ တစ ပေးပါတယ်။ စခန်းရွှေ့ပြောင်းတဲ့အခါ ဒါတွေကို ကျွန်တော် လုံချည်တထည်မှာတည့် ကျောမှာ ပိုးလိုက်တယ်။ ရိက္ခာဆန်ထည့်တဲ့ အိတ်ရှည်ကို ပခုံးကနေ စလွယ်သိုင်း လိုက်တယ်။ ပန့်စတုန်း (M 21) သေနတ်ကို ပခုံးမှာ ထမ်းထားတယ်။ ခြေထောက်မှာတော့ တောင်ဆင်းတောင်တက် အဆင်ပြေနိုင်ဖို့ တရုတ်လုပ် လယ်တိုကင်းဘတ်ရှူးကို စီးထားပါတယ်။ ပီဘိ ပြောက်ကျားစစ်သားပါ။ (အဓိကတပ်ဖြစ်တဲ့ ကင်းတပ်ခွဲက ဝတ်ဆင်မှုကို အထက်မှာ ဖော်ပြထားခဲ့ပါပြီ။ သူတို့ ခြေထောက်များက ဖိနပ်များကတော့ လည်ရှည်တောစီး ဖိနပ်များဖြစ်ကြပြီး ဖိနပ်အောက်က ခွာမှာ ရန်သူ့ ကြေးစားတပ်ရဲ့ အဆင့်ရာထူးများဖြစ်တဲ့ ပခုံးပေါ်က ဘားများ၊ လက်မောင်းအရစ်များကို ပုံဖော်ပြီး ဖိနပ်ခွာအဖြစ် လုပ်ထားတာပါ။) (၁၀၈) စစ်ဒေသရဲ့ ရုံးမှာနေရင်း ရုံးဌာနက ရဲဘော်လေးများကို ဗမာစာနဲ့ တော်လှန်ရေးသီချင်းများကို သင်ပေးတဲ့ အလုပ်ကို ကျွန်တော် တာဝန်ယူလိုက်တယ်။ ရံဖန်ရံခါ (၆၈၃) တပ်မဟာ ကင်းတပ်ခွဲရဲ့ ဗမာစာသင်တဲ့ အလုပ်ကို ဝင်ရောက်ကူပေးတယ်။

ရုံးဌာနမှာ ကျွန်တော်ရောက်လို့ ရက်တချို့ကြာတော့ သတင်းတခုရောက်လာတယ်။ ကျွန်တော့်အဖို့ စိတ်ထိခိုက်စရာပါ။ ကျွန်တော်နေခဲ့တဲ့ရွာကို ရန်သူ့တပ်စိတ်တစိတ်ဟာ အထောက်တော်ရဲ့ သတင်းအရ အပိုင်ဆိုပြီး ဆင်းလာဟန်တူပါရဲ့။ အခြေအနေ အပြောင်းအလဲကို သိလိုက်ဟန် မတူပါဘူး။ ကျွန်တော်နေခဲ့တဲ့ အိမ်မှာ ကျွန်တော့်ကို ကြက်သားဟင်းချက်ကျွေးလိုက်တဲ့ ဒိုင်နယ် စည်းရုံးရေးတပ်စိတ် ရောက်ရှိ စခန်းချနေတာပါ။ ဒိုင်နယ် စည်းရုံးရေးတပ်စိတ်ဟာ ကျွန်တော်ရောက်ရှိနေထိုင် နေ

တာကို အထောက်တော်သိပြီး သတင်းထောက်လှမ်းသွားတယ်ဆိုတာ မသိလိုက်။ အိမ်ရှင်ရွာရဲ့ အမာခံကေဒါ ဟာလည်း ဒီသတင်းကို ဆက်လက် ဂရု မစိုက်မိ။ ပေါ့လျော့နေပါတယ်။ ဒါ့ကြောင့် ရန်သူဝင်လာတာကို မသိလိုက်။ ဖြုန်းကနဲ နှစ်ဘက် ပက်ပင်းတိုးကြတယ်။ စည်းရုံးရေး တပ်စိတ်နဲ့ အတူပါလာတဲ့ တပ်သားသစ်နဲ့ အိမ်ရှင် "ဦးစံလူ" ဟာ ကြေးစားတပ်ရဲ့ အဖမ်းခံ လိုက်ရတယ်တဲ့။ ဒါဟာ ပြောက်ကျားဒေသရဲ့ သဘော သဘာဝကို မိမိ သိရှိမှု မလုံလောက်လို့ လုံခြုံရေးနဲ့ ပတ်သက်ပြီး ပေါ့ ဆလို့ ဖြစ်ရတယ်လို့ စိတ်မကောင်း ဖြစ်ခဲ့ရတာ ဒီနေ့အထိပါပဲ။
နောက်ပိုင်းမှာ (၁၀၈) စစ်ဒေသရဲ့ နိုင်ငံရေးမှူး ရဲဘော် --- နဲ့ အဖွဲ့ ဗဟိုဌာနချုပ်ရှိရာက ပြန်လည်ရောက်ရှိလာပါတယ်။ နိုင်ငံ ရေးမှူးဟာ ကျွန်တော်ရောက်ရှိနေတာကို ဗဟိုဌာနချုပ်ရှိရာ ပန်ဆန်း ကတည်းက သိနေသူပါ။ ကျွန်တော့် ဇာတိကိုလည်း ဗ ဟိုသို့ အစီရင်ခံတဲ့ က န သတင်းများအရ သိထားရလို့ အလွန်တွေ့ချင်နေတာပါ။ သူဟာ ၄၈ - ၄၉ ကတည်းက တောခိုလာ သူပါ။ မြို့နဲ့ ထိတွေ့မှု နည်းသွားရသူမို့ မြို့ပေါ်က ရောက်လာသူများနဲ့ စကားလက်ဆုံ ကျချင်ပါတယ်။ ဒါ့အပြင် တိုက်ဆိုင်ချင် တော့ ကျွန်တော်နဲ့ သူဟာ တမြို့တည်းသားတွေ ဖြစ်ရုံမက မြို့ပေါ်ရှိ သူဆွေမျိုးများနဲ့ အလွန်းရင်းနှီးသူဖြစ်လို့ ကျွန်တော်တို့ နှစ်ဦး အလွန်ရင်းနှီးသွားပြီး စကားလက်ဆုံ ပြောမကုန် ဖြစ်ခဲ့ဖူးတယ်။

နိုင်ငံရေးမှူးတို့အဖွဲ့ စစ်ဒေသ ပြန်ရောက်လာပြီဆိုတာ သတင်းဟာ မကြာလိုက်ပါဘူး။ ရန်သူ့ထံ ပေါက်ကြားသွားတယ်။ ဒါ့ ကြောင့် ရန်သူဟာ (၁၀၈) စစ်ဒေသ ရုံးအဖွဲ့အား လိုက်လံ ထိုးစစ်ဆင်လာပါတယ်။ ဒီကာလမှာပဲ ရန်သူထောက်လှမ်းရေးက လိုက်လံဖမ်းဆီးမှုကို ရှောင်တိမ်း လွတ်မြောက်လာတဲ့ ရဲဘော် လေးယောက် ထပ်မံရောက်ရှိလာပြန်တယ်။ ဒီရဲဘော်တွေ ကိုလည်း လက်ခံပြီး ရန်သူထိုးစစ်ကို လှည့်လည်ရှောင်တိမ်းနိုင်ဖို့ (၁၀၈) ရဲ့ ဒေသတပ်ဖွဲ့အတွင်း ထည့်ပေး လှုပ်ရှားခိုင်းထား လိုက်တယ်။ ရုံးအဖွဲ့ဟာလည်း ရန်သူထိုးစစ်ကို လှည့်လည်ရှောင်တိမ်းနေတယ်။ မီးခိုးကို ရန်သူမတွေ့အောင် မနက်အစောကြီး ထ ထမင်းချက်ရတယ်။ လင်းတာနဲ့ ထမင်းစားပြီး ခရီးထွက်တယ်။ နေ့ခင်း လျှိုကောင်းကောင်းနေရာမှာ မီးခိုးမတွေ့ရအောင် ထမင်းချက်စား။ စားပြီးတာနဲ့ ည မမှောင်မချင်း ခရီးဆက်ပါတယ်။ ည မှောင်တာနဲ့ ရောက်တဲ့နေရာ ရပ်။ စခန်းချ အနားယူ။ အိပ်လိုက်တယ်။ ဒါဟာ ရန်သူ ထိုးစစ်ဆင်နေတဲ့ကာလ ရုံးအဖွဲ့ရဲ့ တနေ့တာ လှုပ်ရှားမှုပါပဲ။ နောက်ဆုံး မိုင်းကိုင်၊ လဲချား ဘေး ရှိ ဆင်တောင်ဖေါ့တက်ပြီး ရန်သူ့ထိုးစစ်ကို ရှောင်နေခဲ့တယ်။ ကျွန်တော်ဟာ ဒီ (၁၀၈) စစ်ဒေသအတွင်း ၆ လ တာလောက် နေထိုင်ခဲ့ရပြီး (၁၉၇၉) ခုနှစ်၊ ဧပြီလ အစောပိုင်းမှာ (၆၈၃) တပ်မဟာမှ အိမ်ခွင့်ပြန် တပ်သားများနဲ့ အတူ ဗဟိုရှိရာ ပန်ဆန်း သို့ တက်လာခဲ့တယ်။ (၁၀၈) စစ်ဒေသမှ ခေါင်းဆောင်များကလည်း ကျွန်တော်တို့အား ဗမာစကားပေါက်တဲ့ အိမ်သို့ ခွင့်ပြန် တဲ့ ရင်းကေဒါနဲ့အတူ သေချာအပ်နှံ ထည့်ပေးလိုက်တယ်။

စထွက်တဲ့ ညနေဘက်မှာ ရန်သူ့ လှည့်ကင်းနဲ့ ကျွန်တော်တို့အဖွဲ့ ထိတွေ့တိုက်ပွဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်ဖွဲ့ဟာ ရန်သူ မျက်စပြတ်သွားဖို့ အဲဒီအချိန်ကစပြီး တညလုံး ခရီးပြင်းနှင်ရင်း ရန်သူကို လှည့်စားထားလိုက်တယ်။ နောက်တနေ့မနက် (၈) နာရီလောက်မှာ အနားယူရင်း ထမင်းချက်စားတယ်။

အားလုံး လုံခြုံရေးအတွက် (၆၈၃) တပ်မဟာမှာ တပ်ခွဲတခွဲက နမ့်ပန်ချောင်းအထိ လိုက်ပို့တယ်။ နမ့်ပန်ချောင်း ကျော်ပြီးတာနဲ့ လုံခြုံရေးတပ်ခွဲဟာ နောက်ပြန်ခေါက်သွားတယ်။ ခွင့်ပြန်သူတချို့ ယူဆောင်လာတဲ့ လက်နက်အနည်းအကျဉ်းလောက်နဲ့ လုံ ခြုံရေးကို ဆောင်ရွက်ပြီး သံလွင်မြစ်ကို ညအမှောင် ခို ဝါးဖောင်နဲ့ ဖြတ်ကူးခဲ့တယ်။ တခေါက်ကို သုံးယောက်လိုက်ပါ နိုင်ပါတယ်။ တညလုံး ကူးတို့ကူးလိုက်တာ မိုး လင်းတာနဲ့ ရဲဘော်အားလုံး သံလွင်ဖြတ်ကူးပြီးပါတယ်။ ခုလို လုံခြုံရေးတပ် လုံ လုံလောက်လောက် မပါဘဲ ဗကပ အင်အားတချို့ ဖြတ်သွားတယ်လို့ ရန်သူသိလိုက်ရရင် ...

သံလွင်မြစ်ကို ဖြတ်ကူးပြီးတာနဲ့ နင်းလိုက်တဲ့မြေဟာ ဗမာပြည်ကွန်မြူနစ်ပါတီ၊ အရှေ့မြောက်ပိုင်းစစ်ဒေသ လွတ်မြောက် ဇရိ ယာ ဖြစ်ပြပါတယ်။ ဧပြီလ တလလုံးနီးပါး တောတောင်လျှိုမြောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီး မေလဆန်းရဲ့ တညနေမှာ ပန် ဆန်းကို ဆိုက်ရောက်လာပါတယ်။ ပါတီဗဟို မြေအောက်လုပ်ငန်း တာဝန်ခံနဲ့ မြေအောက်လုပ်ငန်း စခန်းတာဝန်ခံတို့က ပန် ဆန်း ဘောလုံးကွင်းဘေးမှာ လာရောက် ကြိုဆိုပါတယ်။

ငင်းနေ့မှာပဲ ဗဟိုမြေအောက်လုပ်ငန်း စခန်းဖြစ်တဲ့ "စပါယ်တောစခန်း" သို့ ရောက်ရှိခဲ့ပါတယ်။

၎င်းနှစ် ဇူလိုင်လမှာ ကျွန်တော်တို့မြို့ မြေအောက်အဖွဲ့တာဝန်ခံ ကျွန်းပြန်ရဲဘော်၊ ကဗျာဆရာနဲ့ မန်းတက္ကသိုလ် ကျောင်းသူဟောင်း ရဲဘော်တို့ဟာလည်း "စပါယ်တော့စခန်း" သို့ ရောက်ရှိလာတယ်။ ကျွန်တော်တို့ ၄ ယောက်ဟာ မိမိတို့ရဲ့ ယုံကြည်ချက် အလံကို ဆက်လက်လွှင့်ထူရင်း တိုက်ပွဲဝင်နေကြဆဲ။

ကျွန်တော်တို့မြို့မှ မြေအောက်အဖွဲ့ဝင် တဦး။ ရဲဘော် "ကိုရဲမြင့်" ဟာ ရန်သူထောက်လှမ်းရေးက လိုက်လံဖမ်းဆီးမှုကို ရှောင်တိမ်းရင်း မြစ်ဝကျွန်းပေါ် တနေရာမှာ ငှက်ဖျားရောဂါနဲ့ ကျဆုံးခဲ့ရတယ်။
နောက်ထပ် မြေအောက်အဖွဲ့ဝင်တဦး "ကိုသောင်းထွန်း" မှာလည်း ၎င်းကာလက ရန်သူထောက်လှမ်းရေး လက်အတွင်း ကျရောက်ခဲ့ပြီး ရှစ်လေးလုံးကာလအပြီး ထပ်မံအဖမ်းခံရကာ အကျဉ်းထောင်တွင်း နှိပ်စက်မှုဒဏ်များကြောင့် ယခုအခါ ကွယ်လွန်သွားခဲ့ ရလေပြီ။

(၄)

ကျွန်တော် ပန်ဆန်းကို ရောက်သွားပြီးတဲ့နောက်လည်း (၁၀၈) စစ်ဒေသက သတင်းများ မကြာခဏ ကြားရတယ်။ ကျွန်တော် နေထိုင်ခဲ့တဲ့ "လုံဝယ်" ရွာနဲ့ အမာခံ ရွာခံကေဒါ "ဦးစံလူ"ရဲ့ သတင်းများ ပါလာ တတ်ပါတယ်။ ကျွန်တော်ကလည်း (၁၀၈) စစ်ဒေသက ရဲဘော်များထံ တကူးတကသွားရောက် မေးမြန်းလေ့ရှိမိပါတယ်။ "ဦးစံလူ" ကို တောင်ကြီးအချုပ်ခန်းမှာထား၊ ညှင်းပန်းနှိပ်စက်လို့ မျက်စိကွယ်သွားပြီ ဆိုတဲ့ သတင်းကို ဦးစွာကြားရတာပါ။ နောက်တော့ ရဲဘော်ကြီးကို မြင်းခြံထောင် လိုလို၊ မိတ္ထီလာထောင် လိုလို ပို့လိုက်တယ်ဆိုတဲ့ သတင်းများကို ထပ်မံကြားရပါတယ်။ နောက်ဆုံးရရှိလိုက်တဲ့ သတင်းကတော့ ရန်သူရဲ့ ညှင်းပန်းနှိပ်စက်မှုအောက်မှာ ဒူးမထောက်၊ လက်မမြှောက်၊ အညံ့မခံဘဲ တိုက်ပွဲဝင်ရင်း ကျဆုံးသွားပြီ ဆိုတာပါပဲ။

"ဦးစံလူ"ဟာ (၁၀၈) စစ်ဒေသရဲ့ ကျေးလက်အမာခံ ကေဒါတဦးပါ။ ကျေးလက်ဆင်းရဲလယ်သမား အညတရ တဦးပါ။ သူဟာ ဗမာပြည် အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ ဘဝ လွတ်မြောက်ရေးအတွက် မထင်မရှား ကျဆုံးသွားခဲ့လေပြီ။

ရန်သူ့ စစ်ထောက်လှမ်းရေးက လိုက်လံ ဖမ်းဆီးနေစဉ်ကာလက ကျွန်တော့်အား မိခင်ပါတီ ဦးဆောင်ဆင်နွှဲနေတဲ့ လက်နက်ကိုင်တော်လှန်ရေး ဒေသသို့ စီစဉ်ပို့ဆောင်ပေးသူ တောင်ကြီးမှ ကျူရှင်ဆရာ "ကိုခင်မောင်ဖြူ" ဟာလည်း မြို့ပေါ်မှာ ဆက်လက်နေလို့ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ လက်နက်ကိုင်တိုက်ပွဲထဲ ဆင်းလာခဲ့ရတယ်။ ဒီတုန်းက မြေအောက်တာဝန် ထမ်းဆောင်နေတဲ့ ရဲဘော်များဟာ လက်နက်ကိုင် တိုက်ပွဲအတွင်း ဆင်းလာရေးကို ဆင်းလာဖို့ တင်ပြတိုင်း ပါတီက "ရဲဘော်တို့ လက်နက်ကိုင် တိုက်ပွဲအတွင်း ဒေသခံရဲဘော်များနဲ့မို့ အင်အားအလုံအလောက် ရှိပါတယ်။ ရန်သူ့ဒေသမှာ ရှိနေတဲ့ မြေအောက်တာဝန် ထမ်းဆောင်နေတဲ့ ရဲဘော်တယောက်ဟာ ရန်သူ့နောက်ပိုင်းကို တပ်မကြီးတခု ပါတီက လွှတ်ထားလိုက်တာနဲ့ သဏ္ဍာန်တူတယ်"လို့ ရှင်းပြခဲ့ဖူးတာကို သတိရနေမိသေးတယ်။

"ကိုခင်မောင်ဖြူ"ဟာ လက်နက်ကိုင်တော်လှန်ရေးအတွင်း "ရဲဘော် ဇော်ထွန်း" ဖြစ်လာတယ်။ ရန်ကုန် စီးပွားရေး တက္ကသိုယ် ကျောင်းသားဟောင်းပါ။ ပါတီဗဟို ကုန်သွယ်ရေးနဲ့ စီးပွားရေးဌာနမှာ တာဝန်ထမ်းဆောင်ပါတယ်။ ပန်ဆန်းမှာ ရှိနေကြသူ ချင်းမို့ အမြဲဆုံတွေ့ကြပါတယ်။ ပါတီရဲ့ နေ့ထူးနေ့မြတ် အထူးပွဲများမှာ အတူတကွ ပါဝင်လှုပ်ရှား ဆောင်ရွက်ခဲ့ရတာတွေ ရှိခဲ့ဖူးတယ်။

၁၉၈၆ ခုနှစ်လောက်မှာ သူ့ဒေသဘက် သွားရောက်တာဝန်ယူဖို့ ပန်ဆန်းကနေ အလယ်ပိုင်းဗျူရို တပ်ဖွဲ့များနဲ့အတူ ဆင်းသွားပါတယ်။ လမ်းခရီးမှာ ရန်သူ့တပ်များနဲ့ ထိတွေ့ တိုက်ပွဲဖြစ်ပါတယ်။ မမျှော်လင့်တဲ့ ရန်သူရဲ့ အမြောက်ဆံတခု သူနဲ့ ရဲဘော်တသိုက်အနား ကျရောက်ပေါက်ကွဲထိမှန် ကျဆုံးသွားခဲ့တယ်။

သူကား ကျွန်တော့် တော်လှန်ရေးတောလားအတွင်းက အသက်ပေးသွားရသူ နောက်ထပ် ရဲဘော်တဦး ...
ဦးညွှတ် အလေးပြုလိုက်ပါတယ် ရဲဘော်တို့ရေ ...

ကျွန်တော့်ရဲ့ တော်လှန်ရေးတောလားကို မွေးဖွားပေးလိုက်တဲ့ ကျွန်တော့်ဆရာနဲ့ အကိုတို့ဟာလည်း ...

ဗမာပြည် အဖိနှိပ်ခံ အမျိုးသားပေါင်းစုံ ပြည်သူတရပ်လုံး စစ်ဖိနပ် ခံခွာအောက်က လွတ်မြောက်ရေးအတွက် မတတ်သာလို့ ပြည်ပသို့ ထွက်ခွာလာကြရတယ်။ ဒီမိုကရေစီအရေး တိုက်ပွဲဝင် အင်အားစု အားလုံးနဲ့အတူ မိမိတို့ တတ်စွမ်းသရွေ့ ပါဝင်ထမ်းရွက်နေကြလေပြီ။

ဗမာပြည် ဒီမိုကရေစီ အရေးတော်ပုံကား မပြီးဆုံးသေး ...
အဖိနှိပ်ခံ ပြည်သူလူထုကို အကျိုးပြုရေး အလံတော်ကို မြင့်မြင့်မားမားလွှင့်ထူပြီး ...
ဒီမိုကရေစီ အင်အားစုအားလုံး စည်းလုံးညီညွတ်စွာ တိုက်ပွဲဝင်နိုင်ရင် အောင်ပွဲမုချ တက်လှမ်းနိုင်ပါလိမ့်မယ်။
ယခုတော့ ဒီမိုကရေစီ အရေးတော်ပုံကား ...

ဆရာကျော် (အားသစ်ကျူရှင်)
၇ - ၈ - ၂၀၀၄

(အတိတ်သမိုင်းမှ ကြေးမုံမှန်ကွဲစများ - စာစု ကဗျာစု မှ ပြန်လည်ကူးယူဖေါ်ပြပါသည်)